http://www.dhammadownload.com

၈၀၀

# မင်းကွန်းတောင်ရိုး
# ဓမ္မနာဒကျောင်းတိုက်
# မိုးမိတ်ကုန်းမြေ
# တိပိဋက=နိကာယကျောင်းတိုက်
# နှင့်
# ရန်ကုန်မြို့ တိပိဋကကျောင်းတော်တို့မှ
# သံဃာတော်များ၏
# ညဥ့်ဝတ်ရွတ်စဉ်

သာသနာ ၂၅၃၄ ကောဇာ ၁၃၅၂ ခရစ် ၁၉၉၀

http://www.dhammadownload.com

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး

ရေးသားစီရင်ချီးမြှင့်တော်မူခဲ့သော

# ဆုတောင်းလင်္ကာ

ဤသည့်ပုည ကုသလကြောင့်၊
လောဘ ဒေါသ မောဟ ကင်းကွာ၊
သံသရာဝယ် ကျင်ပါရဘိ၊
ပညာရှိနှင့် ယှဉ်မိပေါင်းသင်း၊
ဉာဏ်မဲ့ကွင်း၍ ပြည့်လင်းလှူဖွယ်၊
လှူစဉ်ဝယ်လည်း သုံးသွယ်စေတနာ၊
ဖြောင့်ညီညာသည် . . . ၊
ခေမာအထွတ် တိုင်လိုသောဝ်။ ။

(အကိတ္တိဇာတ်နှင့် ဆုတောင်းခြင်း ဖြစ်သည်။)

http://www.dhammadownload.com

# မင်းကွန်းတောင်ရိုး
# ဓမ္မနာဒကျောင်းတိုက်
# မိုးမိတ်ကုန်းမြေ
# တိပိဋက=နိကာယကျောင်းတိုက်
# နှင့်
# ရန်ကုန်မြို့ တိပိဋကကျောင်းတော်တို့မှ
# သံဃာတော်များ၏
# ညဉ့်ဝတ်ရွတ်စဉ်

သာသနာ ၂၅၃၄ ကောဇာ ၁၃၅၂ ခရစ် ၁၉၉၀

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် - ၆၁၄/၈၉(၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - (          )

**ပုံနှိပ်ခြင်း**
ပထမအကြိမ်
၁၉၉၀-ပြည့်၊ ဇန်နဝါရီလ

**အုပ်ရေ**
၃၀၀၀

**အဖုံးရိုက်**
စိုးမိုးမိတ်ဆက်

**ဓမ္မဒါန**

**ပုံနှပ်/ထုတ်ဝေ**
အထူးကု ဆရာဝန်ကြီး ဦးသာလှ (ဥက္ကဋ္ဌ)
တိပိဋက=နိကာယ သာသနာပြုအဖွဲ့
အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်က
ကင်းလွတ်ခွင့်အမှတ် (၁၁၀) အရ ထုတ်ဝေ၍
ဦးစံလှ၊ စိုးမိုးမိတ်ဆက် ပုံနှိပ်တိုက် (၀၂၂၁၉)
အမှတ် ၁၄၆၊ ၃၃ လမ်း၊ ရန်ကုန်က ရိုက်နှိပ်သည်။

http://www.dhammadownload.com

# ညွှန်ပြစာရင်း

## မာတိကာ

၁။ သင်္ဂဇာဆရာတော်၏ စတုရာရက္ခကျမ်းလာ
ဘုရားပင့်ဂါထာပါဌ်အနက် . . . ၁

၂။ (က) ပထမ ဓမ္မနာဒဆရာတော်၏
ရောင်ခြည်တော်ခြောက်ပါးဘုရားရှိခိုး . . . ၁
(ခ) ပထမ ဓမ္မနာဒဆရာတော်၏
ဘုန်းတော်ခြောက်ပါး ဘုရားရှိခိုး . . . ၈
၃။ ယံ ဒုန္နိမိတ္တံ ဂါထာ၏အပြန် "ယံ သန္နိမိတ္တ"
သုံးဂါထာ ပါဠိ + နိဿယ . . . ၁၄
၄။ မေတ္တာဘာဝနာပွားများရန် . . . ၂၁
မေတ္တသုတ်နှင့်အညီ မေတ္တာပွားနည်းအကျယ် ၂၀
မေတ္တသုတ်အလာ မေတ္တာ ၁၁ ပါးပွားပုံလင်္ကာ ၂၄
၅။ (၁) ပစ္စဝေက္ခဏာ ဆင်ခြင်ရန် . . . ၃၀
(၂) အဘိဏှသုတ် ပစ္စဝေက္ခဏာ . . . ၃၆
(၃) ဝိပဿနာ ဘာဝနာ . . . ၃၈
စတုသစ္စကမ္မဋ္ဌာန်း . . . ၄၁
ရုပ်နာမ်ရှုနည်း တရားတော် . . . ၄၂
မင်းကွန်း ပထမ ဓမ္မနာဒ ဆရာတော်ဘုရား
နောက်ဆုံးဟောအပ်သည့် တရားဂါထာ . . . ၄၃
ထိုဂါထာဆိုင်ရာ တရားလင်္ကာ . . . ၄၄
တိပိဋကရေ ဆရာတော်ဘုရား
ရေးသားအပ်သော တရားဂါထာ . . . ၄၄

http://www.dhammadownload.com

## ညွှန်ပေးစာရွက်စဉ်


ထိုဂါထာဆိုင်ရာ တရားလက်ာ . . . ၄၅
အရဟံဂုဏ်တော် ပုတီးစိပ်နည်း . . . ၄၅
ခန္ဓာငါးပါး ဝိပဿနာ တရားလက်ာ . . . ၄၆
အာယတန တစ်ဆယ့်နှစ်ပါး
ဝိပဿနာ တရားလက်ာ . . . ၄၉
ဓာတ်တစ်ဆယ့်ရှစ်ပါး ဝိပဿနာတရားလက်ာ ၅၀
အပ္ပမာဒ သံဝေဂလက်ာ . . . ၅၅
တောလေးဆယ်ခေါ် ဘာဝနာလေးဆယ်
ပါဠိအနက် . . . ၅၅
ကိသာဂေါတမီ မျက်ရည်သိမ်း သံဝေဂလက်ာ ၆၁
ကိသာဂေါတမီထေရီ ရဟန္တာဖြစ်သည့်
ဂါထာနှင့် တရားလက်ာ . . . ၆၂
စတုသစ္စ ကမ္မဋ္ဌာန်းလက်ာ . . . ၆၃
၆။ အမျှဝေ + နတ်ပို့ + ဆုညွှန်း . . . ၆၃
၇။ အောင်ဆုတောင်းဂါထာပါဠိ + အနက် . . . ၆၅
၈။ မင်းကွန်းဓမ္မနာဒတိုက်သုတ္တဒေ္ဒသဥပုသ်ပုဗ္ဗပရိကံ ၆၆
၉။ ပရိတ္တပါဠိ . . . ၈၈
၁၀။ ဆုတောင်းအမျှဝေ ကေပိုဒ်လက်ာ . . . ၁၂၅

http://www.dhammadownload.com



မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်
မိုးမိတ်ကုန်းမြေ တိပိဋက= နိကာယ ကျောင်းတိုက်နှင့်
ရန်ကုန်မြို့ တိပိဋကကျောင်းတော်တို့မှ
သံဃာတော်များ၏

# ညဉ့်ဝတ်ရွတ်စဉ်

၁။ ရှေးဦးစွာ ဒေသနာကြားပြီး (သာမဏေများ သရဏဂုံ သီလ ခံယူဆောက်တည်ပြီး) လျှင် သင်္ဂဇာ ဆရာတော်၏ စတုရာရက္ခ ကျမ်းလာ ဘုရားပင့် ဂါထာ ပါဠိ + အနက်ဖြင့် ဘုရားပင့်ရန်။

(မှတ်ချက်) ဒေသနာကြားပြီး (သရဏဂုံ သီလ ခံယူဆောက်တည်ပြီး) နောက် ပစ္စဝေက္ခဏာ မြန်မာလင်္ကာ ငါးပုဒ်ကို ရွတ်ဆိုဆင်ခြင်ပြီးမှလည်း ဘုရားပင့်နိုင်ပါသည်။

၂။ ထို့နောက် ရောင်ခြည်တော်ခြောက်ပါး ဘုရားရှိခိုးနှင့် ဘုန်းတော် ခြောက်ပါး ဘုရားရှိခိုးဂါထာ ပါဠိ + အနက်များဖြင့် (တစ်ရက်စီ) ဘုရားရှိခိုးရန်။

http://www.dhammadownload.com



၃။ ထို့နောက် နေ့စဉ်အလိုက် အလှည့်ကျ ပရိတ်ပါဠိတော်များကို ရွတ်ဆိုရန်။

၄။ ထို့နောက် အရပ်ရှစ်မျက်နှာ စည်းချဂါထာပါဠိများဖြင့် စည်းချ၍ မေတ္တာ ဘာဝနာ ပွားများရန်။

၅။ ထို့နောက် စတုပစ္စယ ပစ္စဝေက္ခဏာ ပါဠိနှင့်+ အဘိဏှသုတ် ပစ္စဝေက္ခဏာ ပါဠိတို့ကို ရွတ်ဆိုဆင်ခြင်ပြီးလျှင် 'အနိစ္စာ ဝတ' အစရှိသော ဂါထာတို့ဖြင့် ဝိပဿနာ ဘာဝနာ ပွားများရန်။

၆။ ထို့နောက် အမျှဝေ + နတ်ပို့ + ဆုညွှန်း ဂါထာပါဠိတို့ကို ရွတ်ဆို၍ အမျှဝေ နတ်ပို့ ဆုညွှန်းရန်။

၇။ ထို့နောက် အောင်ဆုတောင်းဂါထာ ပါဠ်+အနက်ကို ရွတ်ဆို၍ နိဂုံးအုပ်ရန်။



http://www.dhammadownload.com



## ကျေးဇူးရှင် တိပိဋကဓရ
## ဓမ္မဘဏ္ဍာဂါရိက+အဘိဓဇမဟာရဋ္ဌဂုရု
## မင်းကွန်းဓမ္မနာဒ ဆရာတော်ဘုရား၏
## ဥယျောဇန ဩဝါဒကထာ နိဒါန်း

နိမော ဗုဒ္ဓါယ။ ။ (သိဒ္ဓမ်)။

**ဓမ္မနာဒ** (နှင့်) တိပဋက = နိကာယ စာသင်သား အရှင်မြတ်များတို့ . . .။ တပည့်တော်တို့ အရှင်တို့မှာ ဓုရနှစ်ပါးတို့တွင် ဂန္ထဓုရကို ဦးစားပေး၍ အားထုတ်နေသူများ ဖြစ်ကြပါသည်။ ဂန္ထဓုရ အလုပ်သည် ဝိဇ္ဇာ (နှင့်) စရဏနှစ်ပါးတို့တွင် ဝိဇ္ဇာကို အများဆုံး ကျေးဇူးပြုသော အလုပ်ဖြစ်ပါသည်။ ဝိဇ္ဇာသည် မျက်စိနှင့်တူ၍ စရဏသည် ခြေနှင့်တူပါသည်။ ခြေနှင့်မျက်စိ နှစ်ပါးတို့တွင် တစ်ပါးပါးချို့တဲ့နေလျှင် လိုရာအရပ်သို့ အရောက်မသွားနိုင်။ ခြေနှင့်မျက်စိ နှစ်ပါးစုံနှင့် ပြည့်စုံသော သူမှသာလျှင် လိုရာခရီးကို ဘေးရန်ကင်းစွာ ချမ်းသာစွာ သွားရောက်နိုင်သကဲ့သို့၊ ထို့အတူပင် ဝိဇ္ဇာ(နှင့်) စရဏ နှစ်ပါးတို့တွင် တစ်ပါးပါး ချို့တဲ့နေလျှင် လိုရာခရီး အရပ်ဖြစ်သည့် မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်နိုင်၊ ဝိဇ္ဇာ(နှင့်) စရဏနှစ်ပါးစုံနှင့် ပြည့်စုံမှသာလျှင်၊ လိုရာခရီး အရပ်ဒေသနှင့်တူသည့် မဂ်ဖိုနိဗ္ဗာန်ကို ချမ်းသာလွယ်ကူစွာ ရောက်နိုင်ပါသည်။

ထို့ကြောင့် ပရိယတ္တိဝန်ဆောင် ထိပ်ခေါင်တင် ဖြစ်တော်မူကြသော ရှေးဆရာတော်တို့သည် မိမိတို့၏ တပည့်သား ပရိယတ္တိဝန်ဆောင် စာသင်သားတို့ ဝိဇ္ဇာ (နှင့်)

http://www.dhammadownload.com



စရဏ စွယ်စုံပြည့်ဝစိမ့်သောငှာ "ညဥ့်ဝတ်ရွတ်စဉ်" များကို မူချ၍ (မိမိတို့နှစ်သက်သလို) ထားခဲ့ကြပါသည်။ ထိုရှေး ဆရာတော်တို့ မူချမှတ်ထားတော်မူကြသည့် 'ဝတ်ရွတ်စဉ် အများ' မှ အဆီအနှစ်ကို ညှစ်၍ ထုတ်ယူသကဲ့သို့တပည့်တော်တို့၏ ဥပဇ္ဈာယ်ဆရာ ပထမ ဓမ္မနာဒ ဆရာတော်ဘုရားသည် မိမိ၏ ကျောင်းတိုက်နေ ပရိယတ္တိဝန်ထမ်း ရဟန်းသာမဏေတို့အား ဝိဇ္ဇာနှင့် (နှင့်) စရဏနှစ်ပါးစုံ ပြည့်ဝစိမ့်သောငှာ ဖော်ပြ လတ္တံ့သော အတိုင်း "ညဥ့်ဝတ်ရွတ်စဉ်" ကို မူချ၍ ပေးတော်မူခဲ့ ပါသည်။ ထိုဝတ်ရွတ်စဉ်ကို ရည်ရွယ်ချက်နှင့်တကွ ဖော်ပြပါမည်။

၁။ ရှေးဦးစွာ ဥဒ္ဒိဿရုပ်ပွား ဘုရားရှင် မျက်မှောက်တော်၌ သံဃာစုံညီ ရောက်ရှိ ကြပြီးလျှင် ဒေသနာ ကြားကြရပါမည်။ (ပါတိမောက္ခသံဝရ သီလဝိသုဒ္ဓိဖြစ်ဖို့ ရည်ရွယ်ပါသည်။) ထိုသို့ ဒေသနာ ကြားပြီးသော အခါ ဗုဒ္ဓါနုဿတိ = စရဏ ဖြစ်စိမ့်သောငှာ သင်္ဂဇာ ဆရာတော်ဘုရား၏ စတုရာရက္ခကျမ်းလာ ဘုရားပင့် ဂါထာ ပါဠ်အနက်ကို တညီတညွတ် ရွတ်ဆိုကြ၍ ဘုရားပင့်ကြရပါမည်။ (ထို ဘုရားပင့်ဂါထာကို ရှေ့၌ ဖော်ပြထားပါသည်။)

၂။ ဘုရားပင့်ပြီးလျှင် "ရောင်ခြည်တော်ခြောက်ပါး ဘုရားရှိခိုး ၈-ဂါထာ ပါဠ်အနက် နှင့် ဘုန်းတော် ခြောက်ပါး ဘုရားရှိခိုး ၇-ဂါထာ ပါဠ်အနက်" တို့ဖြင့် တစ်ရက်စီ အလှည့်ကျ ဘုရားရှိခိုးရပါမည်။ (ထို

http://www.dhammadownload.com



ဘုရားရှိခိုးဂါထာ ပါဠိအနက်တို့ကို စာမျက်နှာ ၁-မှ ၁၁-အထိ ဖော်ပြထားပါသည်။)

အထူးအားဖြင့် ဥပုသ်နေ့တိုင်း၌ ထိုဘုရားရှိခိုး နှစ်မျိုးလုံးဖြင့် ရှိခိုး ကြရပါမည်။

၃။ ဘုရားရှိခိုးပြီးသောအခါ ပရိတ်ရွတ်ကြရပါမည်။ (မိမိတို့အဖို့ရာ ဘေးရန်ကင်းအောင် အရံအတား ပြုလုပ်ခြင်းဖြစ်ပါသည်။)

ထိုသို့ ပရိတ်ရွတ်သောအခါ နတ်များကို ဖိတ်၍ စောင့်ရှောက် ကြရန် မေတ္တာရပ်ခံသောအားဖြင့် နေ့စဉ် နေ့စဉ် "သမန္တာ" မှစ၍ "ရာဇတော ဝါ" အဆုံး "အာရက္ခံ ဂဏှန္တု" တိုင်အောင် ရွတ်ဆိုပြီးမှ

၁။ တနင်္ဂနွေနေ့၌ မင်္ဂလသုတ်

၂။ တနင်္လာနေ့၌ ရတနသုတ်

၃။ အင်္ဂါနေ့၌ မေတ္တသုတ် + ခန္ဓသုတ်

(မှတ်ချက်) မေတ္တသုတ်ကို ရွတ်ဆိုပြီးသောအခါ ထိုမေတ္တာသုတ်လာအတိုင်း ပါဠိလို မေတ္တာအကျယ် ပွားရပါမည်။ တတ်နိုင်လျှင် မေတ္တာပွားနည်းလင်္ကာ တို့ကိုပါ ရွတ်ဆိုပွားများကြရပါမည်။ (ထိုပါဠိ + လင်္ကာ များကို စာမျက်နှာ ၁၈ -၌ အပြည့်အစုံ ဖော်ပြ ထားပါသည်။)

၄။ ဗုဒ္ဓဟူးနေ့၌ မောရသုတ် + ဝဋ္ဋသုတ်

၅။ ကြာသပတေးနေ့၌ ဓဇဂ္ဂသုတ်

http://www.dhammadownload.com



၆။ သောကြာနေ့၌ အာဋာနာဋိယသုတ်

၇။ စနေနေ့၌ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်တို့ကို ရွတ်ဆိုရပါမည်။

(မှတ်ချက်) ပုဗ္ဗဏှသုတ်ကို ရွတ်သောအခါ "ယံ ကိဉ္စိ ဝိတ္တံ" ဂါထာမှစ၍ ရွတ်ဆိုရန် ဖြစ်ပါသည်။ အထူးအားဖြင့် နေ့စဉ်အလှည့်ကျ ပရိတ်ကြီးသုတ်များကို ရွတ်ဆိုပြီးလျှင် အများရွတ်နေကျအတိုင်း (မေတ္တသုတ်)+ ဘုရားဂုဏ် + တရားဂုဏ် + သံဃာ့ဂုဏ် + ယံ ဒုန္နိမိတ္တံ သုံးဂါထာကို ရွတ်ဆိုပြီးလျှင် ထို (ယံ ဒုန္နိမိတ္တံ) သုံးဂါထာ၏အပြန် "ယံ သန္နိမိတ္တံ" သုံးဂါထာပါဠိတို့ကိုလည်း ရွတ်ဆိုရပါမည်။ (ထို သုံးဂါထာ ပါဠိ + နိဿယတို့ကို စာမျက်နှာ ၁၂-မှ ၁၇-အထိ ပြဆိုထား ပါသည်။)

(မှတ်ချက်) ယံ ဒုန္နိမိတ္တံ - သုံးဂါထာအား အဟိတ ဒုက္ခာနာဂမပတ္ထနာ မေတ္တာ+ ယံ သန္နိမိတ္တံ သုံးဂါထာကား ဟိတသုခါဂမပတ္ထနာ မေတ္တာပွားများခြင်းဖြစ်ပါသည်။

(၄) ထိုသို့ အလှည့်ကျ ပရိတ်တော်တို့ကို ရွတ်ဆိုပြီးလျှင် အရပ်ရှစ်မျက်နှာ စည်းချ ဂါထာတို့ကို သူ့အရပ်နှင့်သူ စိတ်ကမှန်း၍ ရွတ်ဆိုစည်းချပြီးလျှင် မေတ္တာဘာဝနာကို ဆက်၍ပွားများရပါမည်။ (စည်းချဂါထာနှင့် မေတ္တာဘာဝနာ ပွားများပုံတို့ကို စာမျက်နှာ ၂၄-နှင့် ၂၆-၌ ဖော်ပြထားပါသည်။)

(၅) မေတ္တာဘာဝနာ ပွားပြီးသောအခါ -

http://www.dhammadownload.com



(က) “ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ” အစရှိသော မဟာပစ္စဝေက္ခဏာ ကြီး ၄-ပုဒ်တို့ကို ရွတ်ဆိုဆင်ခြင်ရပါမည်။

(ပစ္စယသန္နိဿိတ သီလစင်ကြယ်ဖို့ ရည်ရွယ်ပါသည်။)

(မှတ်ချက်) ထို့ထက် တတ်နိုင်ပါက (အစဉ် မဆင်ခြင်ခဲ့သေးလျှင်) မဟာဝိသုဒ္ဓါရာမဆရာတော်၏ မဟာပစ္စဝေက္ခဏာလင်္ကာ ငါးပုဒ်တို့ကိုလည်းကောင်း၊ တိပိဋက ဓမ္မာနန္ဒဆရာတော်၏ ဓာတုမနသိကာရ ပစ္စဝေက္ခဏာလင်္ကာ သုံးပုဒ်နှင့် ပဋိကူလမနသိကာရပစ္စဝေက္ခဏာ လင်္ကာလေးပုဒ်တို့ကိုလည်းကောင်း ရွတ်ဆိုနှလုံးသွင်းရပါမည်။ (ထို ပစ္စဝေက္ခဏာပါဠိလင်္ကာတို့ကို စာမျက်နှာ ၂၆-မှ ၃၁-အထိ ဖော်ပြထားပါသည်။)

(ခ) ထို့နောက် ဆက်လက်၍ အဘိဏှသုတ် ပစ္စဝေက္ခဏာ ပါဠိ တို့ကို အနက်အဓိပ္ပါယ်ကို စဉ်းစား၍ ရွတ်ဆိုဆင်ခြင်ရပါမည်။ (ထို အဘိဏှသုတ် ပစ္စဝေက္ခဏာပါဠိတို့ကို စာမျက်နှာ ၃၁ ၌ ဖော်ပြထားပါသည်။)

(ဂ) ထို့နောက် ဆက်လက်၍ ဝိပဿနာ ဘာဝနာအတွက် “အနိစ္စာ ဝတ” စသော ဂါထာတို့ကို အနက်အဓိပ္ပါယ် စဉ်းစားလျက် ရွတ်ဆိုပွားများရပါမည်။ (ထိုဂါထာများကို

http://www.dhammadownload.com



စာမျက်နှာ ၃၃-၌ ဖော်ပြထားပါသည်။)

ထို့ထက် တတ်နိုင်လျှင် တိပိဋကဓရ ဓမ္မနာဒ ဆရာတော် ရေးသားအပ်သော နာမ်ရုပ်နှစ်ပါး + ခန္ဓာငါးပါး + အာယတန တစ်ဆယ့်နှစ်ပါး + ဓာတ် တစ်ဆယ့်ရှစ်ပါး ဝိပဿနာလင်္ကာ တို့ကိုပါရွတ်ပွားနိုင်ပါသည်။

(၆) ထို့နောက် အမျှဝေ + နတ်ပို့ + ဆုညွှန်း ဂါထာတို့ကို ဆက်လက်၍ ရွတ်ဆိုရပါမည်။ (ထိုဂါထာတို့ကို စာမျက်နှာ ၅၅ -၌ ဖော်ပြထား ပါသည်)

(၇) အမျှဝေ + နတ်ပို့ + ဆုညွှန်း ဂါထာများကို ရွတ်ဆိုပြီးနောက် အောင်ဆုတောင်းဂါထာ ပါဠိ + အနက်ကို တညီတညွတ်တည်းရွတ်ဆိုပြီး နိဂုံး ကမ္ပတ်အဆုံးသတ်ရန်ဖြစ်ပါသည်။ (ထိုအောင် ဆုတောင်းဂါထာ ပါဠိ + အနက်ကို စာမျက်နှာ ၆၈-၌ ဖော်ပြထားပါသည်။)

ဤတွင် မင်းကွန်းတောင်ရိုး ဓမ္မနာဒတိုက်၊ မိုးမိတ် ကုန်းမြေ တိပဋက= နိကာယ ကျောင်းတိုက်နှင့် ရန်ကုန်မြို့ တိပိဋကကျောင်းတော်တို့မှ သံဃာတော်များ ညဉ့်ဝတ်ရွတ်စဉ် ဥယျောဇန ဩဝါဒကထာပြီးပါပြီ။

http://www.dhammadownload.com



## သင်္ဂဇာဆရာတော်၏ စတုရာရက္ခကျမ်းလာ ဘုရားပင့်ဂါထာ ပါဌ်အနက်

စက္ကဝါဠ နဟုတာဂ၊ ဒေဝါလိဂဏာ စုမ္ဗိတော။
ဗုဒ္ဓပါဒမ္ဗုဇော ဌာတု၊ သီသေ ဒယာ+တိဂန္ဓဇော။

စက္ကဝါဠ နဟုတာဂ ဒေဝါလိဂဏာ စုမ္ဗိတော = စကြာဝဠာအပေါင်း သောင်းလောကဓာတ် ဖူးလာလတ်သား နတ်, နတ်တကာ ဗြဟ္မာအားလုံး ပျားပိတုန်းတို့ စုရုံးရှင်လန်း စုပ်နမ်းရာလည်း ဖြစ်တော်မူပါထသော၊ အတိဂန္ဓဇော= စက္ကဝါဠ အနန္တတိုင် မွှေးကြိုင်ကောင်းမွန် လွန်သော နံ့သာလည်း ဖြစ်တော်မူပါထသော၊ ဗုဒ္ဓပါဒမ္ဗုဇော = ဘုရားစိန္တေ သီတာရေဖြ ပုံသေရောက်လတ် ကြာမြတ်ပဒုံ ခြေတော် အစုံသည်၊ နော= ဒွတ္တိ သာကာရ ဇေဂုစ္ဆကို အတ္တခေါ်ဆို ကိုယ်ဟုသမုတ် အကျုန်ပ်တို့၏၊ သီသေ = ကိုယ်အင်္ဂါတွင် မြတ်ရာထားတင် ဦးထိပ်အပြင်၌၊ ဒယာ-ဒယာယ= ဤသတ္တဝါ ဆင်းရဲစွာတွေကို ငါချေချွတ်မည် မှတ်ရည်သနားတော် မူသောအားဖြင့်၊ ဌာတု = တန့်ရပ်သော လွှေတည်နေတော်မူပ့ါ အရှင်ဘုရား

### ပထမ ဓမ္မနာဒဆရာတော်၏ ရောင်ခြည်တော်ခြောက်ပါး ဘုရားရှိခိုး

### (၁) နီလရောင်ခြည်တော်ဘွဲ့ ဘုရားရှိခိုး

အဥ္ဇနာစုဏ္ဏကိဏ္ဏံဝ၊ နိမ္မိနန္တိ ဒိသာတလံ။
နီလာ ကေသာဒိနိက္ခန္တာ၊ နီလဝန္တ နမတ္ထု တေ။

http://www.dhammadownload.com



နီလဝဏ္ဏ = ညိုမှောင်စိမ်းရီ နီလဓာတ်ရှင် မြတ်သခင် ဘုရား၊ တေ = ရှင်ပင်ဘုရား၏၊ နီလာ = အောင်မဲညိုပွင့် ကြာညို ပွင့်လို ပုဆိုးညိုအလား ပတ္တမြားညိုရောင် စိမ်းလဲ့မှောင်သော ရောင်ခြည်အလျှံတော်တို့သည်။ ကေသာ ဒိ နိက္ခန္တာ = ဆံတော်မျက်နက်တော် အစရှိသော ညိုရာရာဓာတ် ကိုယ်တော် မြတ်မှ ရောင်လျှပ်ယှက်ကူး ကွန်မြူးထွက်ကြွတော်မူကုန်သည် ဖြစ်၍၊ ဒိသာတလံ = ကွန်မြူးထွက်ကြွတော်မူကုန်သည်ဖြစ်၍၊ ဒိသာတလံ = ဝန်းကျင်ပတ်ခြုံ လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာအပြင်ကို၊ အဥ္ဇနာစုဏ္ဏကိဏ္ဏံဝ = မျက်စဉ်းဓာတ် ကျောက်ညိုမှုန့်ဖြင့် ရောထုံပြွမ်းတီး အပ်ဘိသကဲ့သို့၊ နိမ္မိနန္တိ=ဖူးမြင်ကုန်သူ နတ်,လူအများ ရှုမအားအောင် ဆန်းပြားတင့်လျှံပြုဖန်တော်မူပေကုန်၏။ နီလဝဏ္ဏ = ညိုမှောင်စိမ်းရီ နီလဓာတ်ရှင် မြတ်သခင်ဘုရား။ တေ = ရှင်ပင် ဘုရားအား။ နမော = ရှိနာမ် ပေါင်းချုပ် အကျွန်ုပ်တို့၏။ (တစ်ဦးတည်းဖြစ်လျှင် မေ = ရှိနာမ်ပေါင်းချုပ် အကျွန်ုပ်၏ဟု ဆိုပါလေ၊ နောက်၌လည်း နည်းတူတည်း။) နမော = တုံ့ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ ဦးညွတ်ခြင်းသည်။ အတ္ထု = စင်စစ်မသွေဖြစ်ပါစေသား မြတ်စွာဘုရား . . . ။

## (၂) ပီတ ရောင်ခြည်တော်ဘွဲ့ ဘုရားရှိခိုး

ဟေမမောဒကသိဥ္စန္တံဝ၊ နိမ္မိနန္တိ ဒိသာတလံ။
ပီတာ ဓမ္မာဒိနိက္ခန္တာ၊ ပီတဝဏ္ဏ နမတ္ထု တေ။

ပီတဝဏ္ဏ = ရွှေရောင်ဝင်းကြည် ပီတဓာတ်ရှင် မြတ်သခင်

http://www.dhammadownload.com



ဘုရား။ တေ= ရှင်ပင်ဘုရား၏။ ပီတာ = မာလာကျီကျူ သဒိသူလျှင် ရည်တူရွှေသား လှေကားပန်းအသွင် ဝါလွင်ထိန်ပြေ ရွှန်းရွှန်းဝေမျှ ရွှေသောအဆင်းရှိသော ရောင်ခြည်အလျှံ တို့သည်။ စမ္မာဒိနိက္ခန္တာ = အရေတော် မျက်လုံးတော် အစ ရှိသော ရွှေရာရာဓာတ် ကိုယ်တော်မြတ်မှ ရောင်လျှပ်ယှက်ကူး ကွန့်မြူးထွက်ကြွတော် မူကုန်သည်ဖြစ်၍။ ဒိသာတလံ = ဝန်းကျင်ပတ်ခြုံ လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာအပြင်ကို။ ဟေမောဒကသိဥ္စန္တံဝ=ရွှေရည်အလျဉ် ခြယ်တင်သွန်းလောင်း အပ်ဘိသကဲ့သို့။ နိမ္မိနန္တိ = ဖူးမြင်ကုန်သူ နတ်,လူအများ ရှုမအားအောင် ဆန်းပြားတင့်လျှံ ပြုဖန်တော်မူပေကုန်၏။ ပီတဝဏ္ဏ= ရွှေရောင်ဝင်းကြည် ပီတဓာတ်ရှင် မြတ်သခင်ဘုရား။ တေ = ရှင်ပင်ဘုရားအား။ နော = ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏။ နမော = တံ့ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွတ်ခြင်းသည်။ အတ္ထု = စင်စစ်မသွေ ဖြစ်ပါစေသား မြတ်စွာဘုရား။

## (၃) လောဟိတ ရောင်ခြည်တော်ဘွဲ့ ဘုရားရှိခိုး

လာခါရသ သိဥ္စန္တံဝ၊ နိမ္မိနန္တိ ဒိသာတလံ။
ရတ္တာ မံသာ ဒိနိက္ခန္တာ၊ ရတ္တဝဏ္ဏ နမတ္ထု တေ။

ရတ္တဝဏ္ဏ = နီတွေးရောင်ပ လောဟိတဓာတ်ရှင် မြတ်သခင်ဘုရား။ တေ = ရှင်ပင်ဘုရား၏။ ရတ္တာ = ကမ္ဗလာနီ + ခေါင်ရမ်း ပန်းကသစ်ပမာ ကြာနီ + ဟင်္သပြဒါး ပတ္တမြား အသွေး နီတွေးထွန်းပြောင် ရောင်ခြည်အလျှံတော် တို့သည်။

http://www.dhammadownload.com



မံသာဒိနိက္ခန္တာ = အသားတော်သွေးတော် အစရှိသော နီရာရာဓာတ် ကိုယ်တော်မြတ်မှ ရောင်လျှပ်ယှက်ကူး ကွန့်မြူးထွက်ကြွတော် မူသည်ဖြစ်၍။ ဒိသာတလံ = ဝန်းကျင်ပတ်ခြံု လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာအပြင်ကို။ လာခါရသသိဥ္စန္တံဝ = ချိတ်ရည်စိုရွှမ်း လောင်းထည့်သွန်း အပ်ဘိသကဲ့သို့။ နိမ္မိနန္တိ = ဖူးမြင်ကုန်သူ နတ်,လူအများ ရှုမအားအောင် ဆန်းပြားတင့်လျှံ ပြုဖန် တော်မူပေကုန်၏။ ရတ္တဝဏ္ဏ = နီတွေးရောင်ပ လောဟိတ ဓာတ်ရှင် မြတ်သခင်ဘုရား။ တေ = ရှင်ပင်ဘုရားအား။ နောာ = ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏။ နမော = တုံ့ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွတ်ခြင်းသည်။ အတ္ထု = စင်စစ်မသွေဖြစ်ပါစေသား မြတ်စွာဘုရား . . . ။

## (၄) ဩဒါတ ရောင်ခြည်တော်ဘွဲ့ဘုရားရှိခိုး

သဗ္ဗုဒကာသိဥ္စန္တံဝ၊ နိမ္မိနန္တိ ဒိသာတလံ။
ဩဒါတာ = ဌျာဒိနိက္ခန္တာ၊ ဩဒါတဝဏ္ဏ နမတ္ထု တေ။

ဩဒါတဝဏ္ဏ = ဖြူဖွေးသပွါယ် စင်ကြယ်ရောင်လျှပ် ဩဒါတဓာတ်ရှင် မြတ်သခင်ဘုရား။ တေ = ရှင်ပင်ဘုရား၏။ ဩဒါတာ = ငွေအိုးငွေခွက်မှ ယိုထွက်ဆင်းလည် နို့ရည်အတူ ဘော်ကြူစိန်ကုံး ကြက်ရုန်းအသွင် ဖြူစင် ထွန်းပြောင် ရောင်ခြည်အလျှံတော်တို့သည်။ အဋ္ဌာဒိ နိက္ခန္တာ = အရိုးတော် သွားတော် မျက်ဖြူတော် အစရှိသော ဖြူရာရာဓာတ် ကိုယ်တော် မြတ်မှ ရောင်လျှပ်ယှက်ကူး ကွန့်မြူးထွက်ကြွတော်မူကုန်သည် ဖြစ်၍။ ဒိသာတလံ = ဝန်းကျင် ပတ်ခြုံ လုံးစုံနှံ့စပ် အရပ်ဒိသာ

http://www.dhammadownload.com



ဆယ်မျက်နှာအပြင်ကို၊ သဗ္ဗဒကသိဉ္စန္တံဝ = ငွေရည်စို့ရွှမ်း လောင်းထည့်သွန်းအပ်ဘိသကဲ့သို့ နိမ္မိနန္တိ = ဖူးမြင်ကုန်သူ နတ်, လူအများ ရှုမအားအောင် ဆန်းပြားတင့်လျှံ ပြုဖန်တော်မူပေကုန်၏။ ဩဒါတဝါ= ဖြူဖွေးသပ္ပါယ် စင်ကြယ်ရောင်လျှပ် ဩဒါတဓာတ်ရှင် မြတ်သခင်ဘုရား။ တေ= ရှင်ပင်ဘုရားအား၊ နော = ရှုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏၊ နမော = တုံ့ဝပ် ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွတ်ခြင်းသည်၊ အတ္ထု=စင် စစ်မသွေဖြစ်ပါစေသား မြတ်စွာဘုရား . . . ။

## (၅) မဉ္ဇေဋ္ဌ ရောင်ခြည်တော်ဘွဲ့ ဘုရားရှိခိုး

မဉ္ဇေဋ္ဌာ တေန သမာနံ၊ နိမ္မိနန္တိ ဒိသာတလံ။
တမှာ တမှာဝ နိက္ခန္တာ၊ မဉ္ဇေဋ္ဌဝါ နမတ္ထု တေ။

မဉ္ဇေဋ္ဌဝါ = ရောင်မောင်းလျှံပ မဉ္ဇေဋ္ဌဓာတ်ရှင် မြတ်သခင်ဘုရား။ တေ= ရှင်ပင်ဘုရား၏၊ မဉ္ဇေဋ္ဌာ= ညို+ရွှေ+နီ+ဖြူ လေးဆူဓာတ်ပေါင်း မှည့်မောင်းဝင်းကြည် ရောင်ခြည်အလျှံတော်တို့သည်၊ တမှာတမှာဝ = ဤသို့သောဓာတ် ဤအရပ်ဟု မသတ်မှတ်နိုင် ထွန်းပြိုင်ရွှမ်းစို ထိုထို ကိုယ်တော် အစိတ်မှ သာလျှင်၊ နိက္ခန္တာ = ကွန့်မြူးစံပယ် သွယ်သွယ် တောက်ပ ထွက်ကြွဆန်းကြယ် တင့်တယ်တော်မူကုန်သည်ဖြစ်၍၊ ဒိသာတလံ = ဝန်းကျင်ပတ်ခြုံ လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာအပြင်ကို၊ တေန = ထိုလေးဆူ ဆင့်လောင်း အရောင် ပေါင်းနှင့်၊ သမာနံ = မထူးမခြား တစ်သားတည်း တူမျှစွာ၊ နိမ္မိနန္တိ = ဖူးမြင် ကုန်သူ နတ်,လူအများ

http://www.dhammadownload.com



ရှုမအားအောင် ဆန်းပြားတင့်လျှံ ပြုဖန်တော်မူပေ ကုန်၏။ မဠ္ဌေဠ္ဌဝါ = ရောင်မောင်းလျှံပ မဠ္ဌေဠ္ဌဓာတ်ရှင် မြတ်သခင် ဘုရား။ တေ= ရှင်ပင်ဘုရားအား၊ နော = ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏၊ နမော = တုံ့ဝပ် ရိုကျိုး လက်စုံမိုး၍ ရှိခိုး မာန်လျှော့ ကန်တော့ဦးညွတ်ခြင်းသည်။ အတ္ထု = စင်စစ်မသွေ ဖြစ်ပါစေသား မြတ်စွာဘုရား . . . ။

## (၆) ပဘဿရ ရောင်ခြည်တော်ဘွဲ့ ဘုရားရှိခိုး

ပဘာဿရာ မနာပံဝ၊ နိမ္မိနန္တိ ဒိသာတလံ။
တမှာ တမှာဝ နိက္ခန္တာ၊ ပဘဿရ နမတ္ထု တေ။

ပဘဿရ = ပြိုးပြက်ရောင်ပ ပဘဿရဓာတ်ရှင် မြတ်သခင်ဘုရား။ တေ = ရှင်ပင်ဘုရား၏၊ ပဘာဿရာ = မီးပန်း + စိန်ရောင် လျှပ်ပန်းရောင်သို့ ထိန်ပြောင်ရိုးရက် ပြိုးပြိုး ပြက်သော ရောင်ခြည်အလျှံတော်တို့သည်၊ တမှာတမှာဝ = ဤသို့သောဓာတ် ဤအရပ်ဟု မသတ်မှတ်နိုင် ထွန်းပြိုင်ရွှမ်းစို ထိုထိုကိုယ်တော် အစိတ်မှသာလျှင်၊ နိက္ခန္တာ = ဖိတ်ဖိတ် လက်လက် ပြိုးပြက်မြူးပျော် ထွန်းပေါ်ထွက်ကြွကုန်သည်ဖြစ်၍၊ ဒိသာတလံ = ဝန်းကျင်ပတ်ခြုံ လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာအပြင်ကို၊ မနာပံဝ = နှစ်သက်ဖွယ်ရာလျှင်၊ နိမ္မိနန္တိ = ဖူးမြင်ကုန်သူ နတ်,လူအများ ရှုမအားအောင် ဆန်းပြားတင့်လျှံ ပြုဖန်တော်မူပေကုန်၏။ ပဘဿရ = ပြိုးပြက်ရောင်ပ ပဘဿရ ဓာတ်ရှင် မြတ်သခင်ဘုရား။ တေ = ရှင်ပင်ဘုရားအား၊ နော = ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏၊ နမော = တုံ့ဝပ်ရိုကျိုး လက်စုံမိုး၍

http://www.dhammadownload.com



ရှိခိုးမာန်လျှော့ ကန်တော့ဦးညွတ်ခြင်းသည်၊ အတ္တ = စင်စစ် မသွေ ဖြစ်ပါစေသား မြတ်စွာဘုရား။

## (၇) ရောင်ခြည်တော်ချီး

ပထဝါဒိ ဝိမာနဋ္ဌ၊ နိပ္ပဘမ္ပိ ပဘံ ကရံ။
ခဇ္ဇောတံဝ ရံသိမန္တေ၊ ရသ္မိ တေ ဝီရ ပဇ္ဇလိ။

ဝီရ = လွန်ကဲစွာလှ ဝီရိယဓာတ်ရှင် မြတ်သခင်ဘုရား။ တေ = ရှင်ပင်ဘုရား၏။ ရသ္မိ = ညို + ရွှေ + နီ + မောင်း ဖြူတောင်း + ပြိုးပြက် တခဲနက်အား ခြောက်ပါးသော အဆင်း ရှိသော ရောင်လျှံတော် အစုသည်၊ ရံသိမန္တေ= ထွန်းလင်း ထိန်ပြောင် အရောင်ပလင်း ဖြဟ္မာမင်းတို့ကိုစဉ်လျက်၊ ခဇ္ဇောတံဝ= ပိုးစုန်းကြူးအတူ ပြုတော်မူသည်ဖြစ်၍၊ ပဘံ ဝါ = အရောင်ရှိသည်လည်းဖြစ်သော။ နိပ္ပဘမ္ပိဝါ = အရောင်မရှိသည် လည်းဖြစ်သော၊ ပထဝါဒိ = မြေထုရေထု လေထုအပြင် ထက်ကောင်းကင်ကိုလည်းကောင်း၊ ဝိမာနဋ္ဌ=ဘုံနန်းရိပ်စံ ဗိမာန်အစုကိုလည်းကောင်း၊ ပဘံ = ထွန်းလင်းထိန်ပြောင် အရောင်ရှိသည်ကို၊ ကရံ -ကရောန္တိ = ပြုတော်မူသည်ဖြစ်၍၊ ပဇ္ဇလိ = ရွှေကိုယ်တော်က ထွက်ပေါ်သည်မှ ခုတိုင်ကျအောင် တောက်ပတင့်ထွန်းတော်မူလေပြီ။

## (၈) ရောင်ခြည်တော် ဆုတောင်းဂါထာ

ဒယံကရ ရံသိမာလ၊ ရာဟုဂ္ဂဟော၀ စန္ဒိမာ။
အတိသမ္ဘာဓပ္ပတ္တော + သို၊ ဒုက္ခာ မံ ဒါနိ မုဥ္စထ။

http://www.dhammadownload.com



ရံသိမာလ = ရောင်တော်ခြောက်သွယ် ပန်းနွယ်ပန်းညွန့် ရှိတော်မူသော မြတ်စွာဘုရား၊ ဒယံကရ = မဟာကရုဏာ လွန်စွာပွားများ သနားခြင်းကို ပြုတော်မူပါဘုရား၊ အဟံ = တပည့်တော်သည်၊ ရာဟုဂ္ဂဟော = ရာဟု လက်တွင်း သက်ဆင်း ဖမ်းမိသော၊ စန္ဒိမာဝ = ပြာသာဒ်ယာဉ်သာ လစကြာကဲ့သို့၊ အတိသမ္ဗာဓပ္ပတ္တော = အလွန်အမင်း ကျဉ်းမြောင်းခြင်း ဆင်းရဲ အစုသို့ ရောက်သည်၊ အသ္မိ = ဖြစ်ပါ၏။ ဒါနိ = ယခုအခါ၌၊ မံ = တပည့်တော်ကို၊ ဒုက္ခာ= အလွန်အမင်း ကျဉ်းမြောင်းခြင်း ဆင်းရဲအစုမှ၊ မုဥ္စထ = မှန်စွာမချွတ် လွတ်အောင်ပြုတော်မူ ပါကုန်ဘုရား။

ရောင်ခြည်တော်ခြောက်ပါး ဘုရားရှိခိုးပြီး၏။

## ပထမ ဓမ္မနာဒဆရာတော်၏
## ဘုန်းတော်ခြောက်ပါး ဘုရားရှိခိုး
## (၁) ဣဿရိယ ဘုန်းတော်ဘွဲ့ ဘုရားရှိခိုး

ပရမဥ္စ သကေ စိတ္တေ၊ အတ္တိဿရိယ မတ္ထကံ။
လောကိယာ အဏိမာဒီပိ၊ အဘိဿရ နမတ္ထု တေ။

အဘိဿရ = ဣဿရိယ ပုညဂုဏ် နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင် ဘုရား၊ တေ = ရှင်ပင်ဘုရားအား၊ သကေ စိတ္တေ = ကိုယ်တော်မြတ်၏ နာမ်ခတ်ဝိညာဉ်

http://www.dhammadownload.com



စိတ်အစဥ်၌။ (ဝါ) သကေ စိတ္တေ = ဝိသယဇ္ဈတ္တ အမှတ်ပြသား အရဟတ္တဖလဝိညာဥ် စိတ်အစဥ်၌၊ ပရမံ = သူမတူတန်ကဲ လွန်ထူးမြတ်လှစွာသော၊ မတ္ထကံ = ပြီးထသော၊ ဣဿရိယံ = ဖလသမာပတ် ချမ်းသာမြတ်ကို စိတ်ညွှတ်ကာပင် ကြာမတင်ဘဲ ဝင်စံနိုင်ရိုး ဝသီမျိုးဖြင့် ပိုင်စိုးနိုင်နင်းတော်မူခြင်း တည်းဟူသော လောကုတ္တရာ စိတ္တိဿရိယ ဘုန်းတော်သည်လည်းကောင်း၊ လောကိယာ = လောကတလွှား ကျော်ထင်ရှားကုန်သော၊ အဏိမာဒိပိ = အဏိမာ + မဟိမာ + လဃိမာ + ပတ္တိ အစရှိသား ဣဿရိယရှစ်ဖော် လောကီတန်ခိုးတော်တို့သည် လည်းကောင်း၊ အတ္ထိ-သန္တိ = ထင်ရှားပုံသေ ရှိကုန်ပေ၏။ အဘိဿရ = ဣဿရိယ ပုညဂုဏ်နှုန်း ရွှေဘုန်းတော်အရှင်မြတ် သခင် ဘုရား။ တေ = ရှင်ပင်ဘုရားအား။ နော = ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏။ နမော = တုံ့ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွှတ်ခြင်းသည်၊ အတ္ထု = စင်စစ်မသွေ ဖြစ်ပါစေသား မြတ်စွာဘုရား။

## (၂) ဓမ္မဘုန်းတော်ဘွဲ့ ဘုရားရှိခိုး

သဝါသန သံကိလေသ-ပ္ပဟာယီ ဓီရ အတ္ထိ တေ။

နဝ လောကုတ္တရော ဓမ္မော၊ ဓမ္မဝန္တ နမတ္ထု တေ။

ဓီရ = အကျိုးရှိသင့် မရှိသင့်ကို ချိန်နှင့်နှုန်းပြိုင် ဆုံးဖြတ်နိုင်သား မဏ္ဍိုင်ခေါင်ဖူး ဉာဏ်ထူးဉာဏ်ညွန့် ရှိတော်မူသော မြတ်စွာဘုရား၊ တေ = ရှင်ပင် ဘုရားအား၊ သဝါသန သံကိလေ သပ္ပဟာယီ = ဝါသနာ အငွေ့အသက်နှင့်တကွ

http://www.dhammadownload.com



တစ်ထောင့်ငါးရာ ကိလေသာတို့ကို ပယ်ခွာလတ်လတ် အကြွင်းမဲ့ သတ်တတ်သော၊ နဝလောကုတ္တရော = မဂ်လေးပါး၊ ဖိုလ်လေးပါး နိဗ္ဗာန်အားဖြင့် ကိုးပါးသချာ လောကုတ္တရာ တရားတော်တည်းဟူသော၊ ဓမ္မော = ဓမ္မနှုန်းခေါ် ရွှေဘုန်းတော်သည်၊ အတ္ထိ = ထင်ရှားပုံသေ ရှိပါပေ၏။ ဓမ္မဝန္တ = ဓမ္မဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်ဘုရား၊ တေ = ရှင်ပင်ဘုရားအား၊ နော = ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏၊ နမော = တုံ့ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွတ် ခြင်းသည်၊ အတ္ထု = စင်စစ်မသွေ ဖြစ်ပါစေသား မြတ်စွာဘုရား။

## (၃) ယသဘုန်းတော်ဘွဲ့ ဘုရားရှိခိုး

ယထာဘုစ္စဂတော ဓီရ၊ ယသော တိလောက ဗျာပကော။
အတိသုဒ္ဓေါပိ တေ အတ္ထိ၊ ယသဝန္တ နမတ္ထု တေ။

ဓီရ = အကျိုးရှိသင့် မရှိသင့်ကို ချိန်နှင့်နှုန်းပြိုင် ဆုံးဖြတ်နိုင်သား မဏ္ဍိုင်ခေါင်ဖူး ဉာဏ်ထူးဉာဏ်ညွန့် ရှိတော်မူသော မြတ်စွာဘုရား၊ တေ = ရှင်ပင်ဘုရားအား၊ ယထာဘုစ္စဂတော = အကြွားမပါ အဝါမဖက် သက်သက် ဟုတ်မှန် ဂုဏ်နေကန်ကြောင့် ဇာနန်မျက်မှောက် လက်တော ရောက်ရအပ်သော၊ တိလောကဗျာပကော = လောကသုံးရပ် ထုတ်ချင်းခတ်အောင် နှံ့စပ်ထင်ရှား ကျော်ကြားသည် လည်းဖြစ်သော၊ အတိသုဒ္ဓေါပိ = အလွန်အမင်း သန့်ရှင်း စင်ကြယ်သည်လည်းဖြစ်သော၊ ယသော = သရီရ + ဓမ္မဂုဏ် နှစ်ဝ၏ ကျနဟုတ်မှန် ကျော်စောသံတည်းဟူသော ယသ

http://www.dhammadownload.com



ဘုန်းတော်သည်၊ အတ္ထိ = ထင်ရှားပုံသေ ရှိပါပေ၏။ ယသဝန္တံ = ယသဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်ဘုရား၊ တေ = ရှင်ပင်ဘုရားအား၊ နော = ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏၊ နမော = တံ့ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ ဦးညွှတ်ခြင်းသည်၊ အတ္ထု = စင်စစ်မသွေ ဖြစ်ပါစေသော မြတ်စွာဘုရား။

## (၄) သိရီဘုန်းတော်ဘွဲ့ ဘုရားရှိခိုး

ဒဿနာရမ္ဘဇနာနံ၊ နယနာဘိပ္ပသာဒိကာ။
သဗ္ဗင်္ဂသိရီ အတ္ထိ၊ သိရီမန္တံ နမတ္ထု တေ။

သိရီမန္တံ = သိရီဂုဏ်နှုန်း ရွှေဘုန်းတော်အရှင်မြတ်သခင်ဘုရား၊ တေ= ရှင်ပင်ဘုရားအား၊ ဒဿနာ - ရမ္ဘဇနာနံ= ဖူးမြော်လိုမှု လုံ့လပြုသား ပြောထုနတ်လူ သတ္တဝါ ဟူဟူသမျှတို့၏၊ နယနာဘိပ္ပသာဒိကာ = ဖူးတိုင်းမြိန်ယှက် မပစ်ရက်အောင် မျက်စိအရသာ ဆောင်စွမ်းကာဖြင့် လွန်စွာသန့်စင် ကြည်လင်တောက်ပပေထသော၊ သဗ္ဗင်္ဂသိရီ = ဗာတ္တိံသလက္ခဏာ သီတာနုဗျည်း ရှုမငြီးတို့ဖြင့် နုလည်းနုနယ် ကိုယ်အင်္ဂါကြီးငယ်တို့၏ တင့်တယ်သပ္ပါယ် အသေရေ အစုတည်းဟူသော သိရီဘုန်းတော်သည်၊ အတ္ထိ = ထင်ရှားပုံသေ ရှိပါပေ၏။ သိရီမန္တံ = သိရီဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင် ဘုရား၊ တေ= ရှင်ပင်ဘုရားအား၊ နော = ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏၊ နမော = တံ့ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ ဦးညွှတ်ခြင်းသည်၊ အတ္ထု = စင်စစ်မသွေ

http://www.dhammadownload.com



ဖြစ်ပါစေသား မြတ်စွာဘုရား။

## (၅) ကာမဘုန်းတော်ဘွဲ့ ဘုရားရှိခိုး

အတ္ထတ္ထံ ပရတ္ထံ ဝါပိ၊ ဓီရ တေ ယံ ယ + မိစ္ဆိတံ။
အတ္ထိ နိပ္ဖတ္တိကာမောပိ၊ ကာမဝန္တ နမတ္ထုတေ။

ဓီရ = အကျိုးရှိသင့် မရှိသင့်ကို ချိန်နှင့်နှုန်းပြိုင် ဆုံးဖြတ်နိုင်သား မဏ္ဍိုင်ခေါင်ဖူး ဉာဏ်ထူးဉာဏ်ညွန့် ရှိတော်မူသော မြတ်စွာဘုရား၊ တေ = ရှင်ပင် ဘုရားအား၊ ယံ ယံ အတ္ထတ္ထံ ဝါ = အကြင်အမျိုးမျိုး ကိုယ်တော်မြတ်၏ အကျိုးကို လည်းကောင်း။ ယံ ယံ ပရတ္ထံ ဝါပိ = အကြင်အမျိုးမျိုး သူတစ်ပါး၏ အကျိုးကိုလည်းကောင်း၊ ဣစ္ဆိတံ = ဗုဒ္ဓေါ ဗောဓေယျံ, မုတ္တော မောစေယျံ, တိဏ္ဏော တာရေယျံ အကြံ သုံးပါး နှလုံးထား၍ လိုလားတောင့်တတော်မူအပ်သည့်အတိုင်း။ နိပ္ဖတ္တိကာမောပိ = ရွယ်တိုင်းမဖောက် ခရီးရောက်အောင် ပြီးမြောက်တော်မူစေနိုင်သည့် အာဂမ + အဓိဂမ ဆန္ဒတည်းဟူသော ကာမဘုန်းတော်သည်လည်း၊ အတ္ထိ = ထင်ရှားပုံသေ ရှိပါပေ၏။ ကာမဝန္တ = ကာမဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်ဘုရား၊ တေ = ရှင်ပင်ဘုရားအား၊ နော = **ရှပ်နှာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏**၊ နမော = တုံ့ဝပ်ရိုကျိုး **လက်စုံမိုး၍** ရှိခိုးမာန်လျှော့ ကန်တော့ ဦးညွတ်ခြင်းသည်၊ အတ္ထု = **စင်စစ်မသွေ** ဖြစ်ပါစေသား မြတ်စွာဘုရား။

http://www.dhammadownload.com



## (၆) ပယတ္တဘုန်းတော်ဘွဲ့ ဘုရားရှိခိုး

ပယတ္တော သဗ္ဗလောကဿ၊ ဂါရဝါပတ္တိဟေတုကော။
ဝါယာမော သောပိ တေ အတ္ထိ၊ ပယတ္တဝါ နမတ္ထု တေ။

ပယတ္တဝါ = ပယတ္တဂုဏ်နှုန်း ရွှေဘုန်းတော်အရှင် မြတ်သခင်ဘုရား၊ တေ = ရှင်ပင်ဘုရားအား၊ သဗ္ဗလောကဿ = အလုံးစုံလောက ရှိသမျှနတ်,လူ အပေါင်း၏၊ ဂါရဝါပတ္တိ ဟေတုကော = စိုးခံ့သမှု အလေးပြုအပ်သည့် ဂုရုဘွဲ့ယူ ပုဂ္ဂိုလ်တစ်ဆူ၏ အဖြစ်သို့ စင်စစ်ဆိုက်ရောက်ကြောင်း ကောင်းမြတ်သော အခြေခံဖြစ်သော၊ ဝါယာမော = သမ္မပ္ပဓာန် ကိစ္စ တတ်စွမ်းလှသား ပဓာနသညာ သမ္မာဝါယာမ မဂ္ဂင် တည်းဟူသော၊ သောပိပယတ္တော = ပယတ္တနှုန်းခေါ် ထိုဘုန်းတော်သည်လည်း၊ အတ္ထိ = ထင်ရှားပုံသေ ရှိပါပေ၏။ ပယတ္တဝါ = ပယတ္တဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင် ဘုရား၊ တေ = ရှင်ပင်ဘုရားအား၊ နော = ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏၊ နမော = တုံ့ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွှတ် ခြင်းသည်၊ အတ္ထု= စင်စစ်မသွေ ဖြစ်ပါစေသား မြတ်စွာဘုရား။

## (၇) ဘုန်းတော်ဘွဲ့ ဆုတောင်းဂါထာ

ဒယံကရ ဘဂျဝန္တ၊ ရာဟုဂ္ဂဟောဝ သူရိယော။
အတိသမ္မာပပ္ပတ္တော + သို့၊ ဒုက္ခာ မံ ဒါနိ မုဥ္စထ။

http://www.dhammadownload.com



ဘဂ္ဂဝန္တ = ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ဒယံကရ = မဟာကရုဏာ လွန်စွာပွားများ သနားခြင်းကို ပြုတော်မူပါဘုရား၊ အဟံ တပည့်တော်သည်။ ရာဟုဂ္ဂဟော ရာဟုလက်တွင်း သက်ဆင်းဖမ်းမိသော၊ သူရိယောဝ ဒေါင်းယာဉ်ရတနာ နေစကြာကဲ့သို့၊ အတိ သမ္ဗာဓပ္ပတ္တော = အလွန်အမင်း ကျဉ်းမြောင်းခြင်း ဆင်းရဲအစုသို့ ရောက်သည်၊ အသ္မိ ဖြစ်ပါ၏။ ဒါနိ ယခုအခါ၌။ မံ တပည့်တော်ကို၊ ဒုက္ခာ အလွန်အမင်း ကျဉ်းမြောင်းခြင်း ဆင်းရဲအစုမှ၊ မုဉ္စထ မှန်စွာမချွတ် လွတ်အောင် ပြုတော်မူပါဘုရား။

ဘုန်းတော်ခြောက်ပါး ဘုရားရှိခိုးပြီး၏။

## မင်းကွန်းဓမ္မနာဒတိုက် တိုက်အုပ်ဆရာတော် အရှင်ဥတ္တမသာဘိဝံသ အနက်မြန်မာပြန်ဆိုသော ယံ ဒုန္နိမိတ္တံ ဂါထာမှ အပြန် ယံ သန္နိမိတ္တံ သုဘမင်္ဂလာ ဆုတောင်း သုံးဂါထာ ပါဌ်နိဿယ

(၁) ယံ သန္နိမိတ္တံ သုဘမင်္ဂလံ ဝါ၊
ယော ဝါ မနာပေါ သကုဏဿ သဒ္ဒေါ။
သောဘဂ္ဂဟော သံသုပိနံ သုကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိပက္က + မေန္တု။

http://www.dhammadownload.com



ယံ သန္နိမိတ္တံ ဝါ = မျိုးရိုးတံထွာ စဉ်အလာဖြင့် ငါငါသူသူ ကောင်း၏ ဟူ၍ စွဲယူထိမ်းမှတ် ပြုလုပ်အပ်သည့် အကြင် ကောင်းမြတ်သော နိမိတ်သည် လည်းကောင်း၊ ယံ သုဘမင်္ဂလံ ဝါ = ရှုချင်စဖွယ် တင့်တယ်သော အဆင်း ရူပါရုံကို မြင်ခြင်း ဒိဋ္ဌမင်္ဂလာ, နာချင်ဖွယ် ရာသာယာသော အသံသဒ္ဒါရုံကို ကြားခြင်း သုတမင်္ဂလာ အစဖြာသား စဉ်လာထိမ်းမှတ် ပြုလုပ်အပ်သည့် အကြင် ကောင်းမြတ်သော မင်္ဂလာသည် လည်းကောင်း၊ မနာပေါ = စိတ်နှလုံးကို ပွားတိုးစေတတ် နှစ်သက်မြတ်နိုးအပ်သော၊ ယော ဝါ သကုဏာဿ သဒ္ဒေါ = အကြင်သာယာသော ကျေးသံငှက်သံသည်လည်းကောင်း၊ ယော သောဘဂ္ဂ ဟောဝါ = လောကီအလို ကျမ်းအဆိုဖြင့် ထိုထို ကောင်းကျိုး အမျိုးမျိုးတို့ကို ပွားတိုးဖြစ်ထွန်းစေတတ် အကြင် ကောင်းမြတ်သော ဂြိုဟ်မင်းတို့ စီးနင်းကြိုက်ကြုံခြင်းသည် လည်းကောင်း၊ သုကန္တ = အလွန် နှစ်လိုဖွယ်ကောင်းသော၊ ယံ သုပိနံ ဝါ = အကြင်ကောင်းမြတ်သော အိပ်မက်ယာမက်သည် လည်းကောင်း၊ အတ္ထိ= လောကီအနေ ရှိသည်မှန်ပေ၏။

ဧတေ =ထိုကောင်းမြတ်သော နိမိတ်မင်္ဂလာ + သာယာသော ကျေးသံငှက်သံ ကောင်းမွန်လှသော ဂြိုဟ်စီး ဂြိုဟ်နင်း + သန့်ရှင်းစင်ကြယ်နှစ်သက် ဖွယ်သော အိပ်မက် ယာမက်တို့သည်၊ ဗုဒ္ဓါနုဘာဝေန = မြတ်စွာဘုရား၏ ကြီးမား တောဇော် အာနုဘော်ကြောင့်၊ ဝိပက္ကံ = ရင့်ကျက်ဘိလျှင်း အကျိုး ပေးခြင်းသို့၊ ဧန္တု = မုချမသွေ ရောက်ကြပါစေကုန်သတည်း။

http://www.dhammadownload.com



(၂) ယံ သန္နိမိတ္တံ သုဘမင်္ဂလံ ဝါ၊
ယော ဝါ မနာပေါ သကုဏဿ သဒ္ဒေါ။
သောဘဂ္ဂဟော သံသုပိနံ သုကန္တံ၊
ဓမ္မာနုဘာဝေန ဝိပက္ခမေန္တု။

ယံ သန္နိမိတ္တံ ဝါ = မျိုးရိုးတံထွာ စဉ်အလာဖြင့် ငါငါသူသူ ကောင်း၏ဟူ၍ စွဲယူထိမ်းမှတ် ပြုလုပ်အပ်သည့် အကြင် ကောင်းမြတ်သော နိမိတ်သည် လည်းကောင်း၊ (ပ)။ အတ္ထိ = လောကီအနေရှိသည်မှန်ပေ၏။

ဧတေ =ထိုကောင်းမြတ်သော နိမိတ်မင်္ဂလာ + သာယာသော ကျေးသံငှက်သံ ကောင်းမွန်လှသော ဂြိုဟ်စီး ဂြိုဟ်နင်း + သန့်ရှင်းစင်ကြယ် နှစ်သက်ဖွယ်သော အိပ်မက် ယာမက်တို့သည်၊ ဓမ္မာနုဘာဝေန = ဆယ်ပါးသော တရားတော် တန်ခိုးအာနုဘော်ကြောင့်၊ ဝိပက္ခံ = ရင့်ကျက်ဘိလျှင်း အကျိုးပေးခြင်းသို့၊ ဧန္တု = မုချမသွေ ရောက်ကြပါစေ ကုန်သတည်း။

(၃) ယံ သန္နိမိတ္တံ သုဘမင်္ဂလံ ဝါ၊
ယော ဝါ မနာပေါ သကုဏဿ သဒ္ဒေါ။
သောဘဂ္ဂဟော သံသုပိနံ သုကန္တံ၊
သံဃာနုဘာဝေန ဝိပက္ခ + မေန္တု။ ။

ယံ သန္နိမိတ္တံ ဝါ = မျိုးရိုးတံထွာ စဉ်အလာဖြင့် ငါငါသူသူ ကောင်း၏ဟူ၍ စွဲယူထိမ်းမှတ် ပြုလုပ်အပ်သည့် အကြင်ကောင်းမြတ်သော နိမိတ်သည် လည်းကောင်း၊ (ပ)၊

http://www.dhammadownload.com



အတ္ထိ = လောကီအနေရှိသည်မှန်ပေ၏။

ဧတေ = ထိုကောင်းမြတ်သော နိမိတ်မင်္ဂလာ + သာယာသော ကျေးသံငှက်သံ ကောင်းမွန်လှသော ဂြိုဟ်စီးဂြိုဟ်နင်း + သန့်ရှင်းစင်ကြယ် နှစ်သက်ဖွယ်သော **အိပ်မက်ယာမက်**တို့သည်၊ **သံဃာနုဘာဝေန** = အရိယာရှစ်ဖော် **သံဃာတော်**၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်၊ ဝိပက္ကံ = ရင့်ကျက် ဘိလျှင်း အကျိုးပေးခြင်းသို့၊ **ဧန္တု** = မုချမသွေ ရောက်ကြပါစေ ကုန်သတည်း။

**အရှင်သောဘန အနက်ပြန်ဆိုသော**
**ယံ သန္ဒိမိတ္တံ ဂါထာအနက်**

(၁) ယံ သန္ဒိမိတ္တံ သုဘမင်္ဂလံ ဝါ၊
**ယော** ဝါ မနာပေါ သကုဏဿ သဒ္ဒေါ။
**သောဘဂ္ဂဟော** သံသုပိနံ သုကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိပက္က + မေန္တု။

(၂) ယံ သန္ဒိမိတ္တံ သုဘမင်္ဂလံ ဝါ (ပ)။
ဓမ္မာနုဘာဝေန ဝိပက္က + မေန္တု။

(၃) ယံ သန္ဒိမိတ္တံ သုဘမင်္ဂလံ ဝါ (ပ)။
သံဃာနုဘာဝေန ဝိပက္က + မေန္တု။

ယံ သန္ဒိမိတ္တံ ဝါ = တွေ့ကြုံမြင်သိ၊ ကြားနာမိက၊ အလိုရှိအပ်၊ နှစ်သက် အပ်၍၊ စိတ်ဓာတ်ရွှင်ပျ၊ ဝမ်းသာရလျက်၊ သုခမင်္ဂလံ၊ ပွားရာပွားကြောင်း၊ အကြင်ကောင်းမြတ်သော

http://www.dhammadownload.com



တိတ်နိမိတ်သည်လည်းကောင်း၊ ယံ သုဘမင်္ဂလံ ဝါ = ကောင်းရာ ကောင်းဟိတ်၊ ကောင်းနိမိတ်ကြောင့်၊ ဒိဋ္ဌသုတ၊ မုတအစဉ်၊ အမြင်အကြား၊ အတွေ့အားဖြင့်၊ စိတ်ထားရွှင်ပျ၊ လွန်အား ရလျက်၊ သုခလက်ဝေ၊ အကြင်ကျက်သရေ မင်္ဂလာ အပေါင်းသည်လည်းကောင်း၊ သကုဏသဒ္ဒ= ပျော်ကာမြူးတူး၊ မြည်တွန်ကျူးက၊ အထူးချိုသာ၊ ကြွင်နာမပြောင်း၊ ဥဒေါင်း ကြိုးကြာ၊ အစဖြာသား၊ မင်္ဂလာရှိတောင်း၊ ငှက်အပေါင်း၏၊ မနာပေါ = ဒေါသ သောက၊ စသည်မဖုံး၊ စိတ်နှလုံးကို၊ ရွှင်ပြုံး မှုများ၊ တိုးပွားစေတတ်သော၊ ယော သဒ္ဒေါ ဝါ = ငြင်းသွဲ့ချိုလေး၊ နားဝင်အေး၍၊ ယဉ်ကျေးသာယာ၊ နာပျော်စွာသည့်၊ မင်္ဂလာရှိတောင်း၊ အကြင်အသံအပေါင်းသည် လည်းကောင်း။ ယော သောဘဂ္ဂဟော ဝါ = ကောင်းကျိုးချမ်းသာ၊ မင်္ဂလာ အသွယ်သွယ်၊ ရဖွယ်ထင်ရှား၊ အမှတ်အသားဖြစ်သော၊ အကြင် ဂြိုဟ်ပြောင်းဂြိုဟ်သွား၊ ဂြိုဟ်စားဂြိုဟ်ဝင်၊ လိုအင်ပြီးစီး၊ ကောင်းမြတ်သော ဂြိုဟ်စီးခြင်းသည်လည်းကောင်း၊ သုကန္တံ = စိတ်လက်ရွှင်စွာ၊ သာယာစုံမက်၊ မမေ့ရက်အောင်၊ အနှစ် သက်ကြီး နှစ်သပ်အပ်ပေထသော။ ယံ သံသုပိနံ ဝါ = ဘုရား စေတီ၊ မွေသရီနှင့်၊ တလီရဟန်း၊ လှူဒါန်းဖွယ်ရာ၊ ဝတ်စားရာနှင့်၊ နေရာတဖုံ၊ ကောင်းမျိုးစုံသည့်၊ အာရုံထင်ရှား၊ အကြင် ကောင်းသော အိပ်မက် အစားစားသည်လည်းကောင်း၊ သန္တိ= အမြင်အကြား၊ အတွေ့အားဖြင့်၊ ထင်ရှားပုံသော၊ ရှိကြပါ ပေကုန်၏။ ဧတေ သန္နိမိတ္တာ ဒယော = ထိုကောင်းသော အတိတ်နိမိတ် စသည်တို့သည်၊ ဗုဒ္ဓါ နုဘာဝေန =

http://www.dhammadownload.com



ကိုးကွယ်သခင်၊ ဘုရားရှင်ကို၊ ကြည်လင်ပြတ်သား၊ အာရုံထား၍၊ ပွားများရသော။ ဗုဒ္ဓါနုဿတိဘာဝနာ အာနုဘော်တော်ကြောင့်၊ ဝိပတ္တံ = အကျိုးပေးခွင့်၊ အခါသင့်လျက်၊ ကောင်းစွာ ရင့်ကျက်ခြင်းသို့။ ဠွေ - ပါပုဏာန္တု= မဆိုင်းမတွ၊ ထိုခဏ၌၊ ဆိုက်မြိုက်ပုံသေ၊ ရောက်ရှိကြပါစေကုန်သတည်း။

ဓမ္မာနုဘာဝေန = သွာက္ခာတတာ အစလာသည့်၊ ခြောက်ဖြာပေါင်းစုံ၊ တရားဂုဏ်ကို၊ အာရုံပြု၍ ဖြစ်သော။ ဓမ္မာနုဿဘိဘာဝနာ အာနုဘော် တော်ကြောင့်။ ဝိပတ္တံ = အကျိုးပေးခွင့်၊ အခါသင့်လျက်။ ကောင်းစွာ ရင့်ကျက်ခြင်းသို့၊ ဠွေ - ပါပုဏာန္တု = မဆိုင်းမတွ၊ ထိုခဏ၌ ဆိုက်မြိုက်ပုံသေ၊ ရောက်ရှိကြပါ စေသတည်း။

သံဃာနုဘာဝေန = သုပ္ပဋိပန်၊ အစခံသည့်၊ ကိုးတန်သော ဂုဏ်တော်တို့ကို၊ ကြည်ညိုစိတ်ထား၊ ပွားများရသော သံဃာနုဘာတိဘာဝနာ အာနုဘော်တော်ကြောင့်၊ ဝိပတ္တံ = အကျိုးပေးခွင့် အခါသင့်လျက်၊ ကောင်းစွာ ရင့်ကျက်ခြင်းသို့၊ ဠွေ - ပါပုဏာန္တု = မဆိုင်းမတွ ထိုခဏ၌၊ ဆိုက်မြိုက်ပုံသေ၊ ရောက်ရှိကြပါစေကုန်သတည်း။

## အရှင်ယုဇန(ရန်အောင်) အနက်ပြန်ဆိုသော ယံ သန္နိမိတ္တံ ဂါထာတော်

ယံသန္နိမိတ္တံ ဝါ = မင်္ဂလာကျက်သရေ အထွေထွေဖြင့် ဖြိုးဝေလျှံဖိတ်·အကြင်ကောင်းသော နိမိတ်သည်လည်းကောင်း၊ ယံ သုဘမင်္ဂလံ ဝါ = အမြင် အကြား အတွေ့အားဖြင့် သုံးပါးစုံစွာ

http://www.dhammadownload.com



အကြွင်ကောင်းသော မင်္ဂလာ…သည် လည်းကောင်း၊ သကုဏာသာ = သံသာကျူးဟိတ် ကရဝိက်ကြိုးကြာ စက္ကဝါ ဥဒေါင်း ဥသြစသော ငှက်အပေါင်း၏၊ မနာပေါ = ကြားတိုင်းရွှင်ပျ၊ စိတ်ချမ်းသာရာ ရစေတတ်သော၊ ယော သဒ္ဒေါ ဝါ = မဂဘာသော သံစာစာဖြင့် တီတာ ခွန်းဖွဲ့ သံစည်ချဲ့၍ နွဲ့တဲ့ဟန် မြည်ကျူးသော အသံသည်လည်းကောင်း၊ ယော သော ဘဂ္ဂဟော ဝါ = ကြမ္မာစန်းပွင့် ကံလမ်းသင့်အောင် ထောက်ပင့်ခိုင်ခိုင် ပြုစွမ်းနိုင်ဟု အပိုင်မုချ ယုံကြည်ကြသည့် မိုးဝေဝေဟင် ထက်ကောင်းကင်မှ ဂြိုဟ်ဝင်ဂြိုဟ်သွား ဂြိုဟ်စားဂြိုဟ်ပြောင်း ဂြိုဟ်ကောင်းခိုမှီး အကြွင်သောမဂြိုဟ် စီးခြင်းလည်းကောင်း၊ သုကန္တံ = ကောင်းစွာတင့်တယ် နှစ်သက်ဖွယ်ရှိလှသော၊ ယံ သံ သုပိနံ ဝါ = ဘုရားဖူး တရားနာ ပေးလှူကာဖြင့် ဥစ္စာခန ရွှေငွေရသည် စသောအချက် အကြွင်ကောင်းသော အိပ်မက်သည်လည်းကောင်း၊ သန္တိ = လောကတလွှား မြင်တွေ့ကြားသဖြင့် ထင်ရှားမသွေ ရှိကြပါပေကုန်၏။(ဝါ၊) ထုံးအိုးတွင်း၌ လက်ကိုစိုက်၍ နှုတ်လိုက်သည့်အခါ မြင်ရပါသို့ လွန်စွာထင်ရှား မြင်တွေ့ကြားသဖြင့် ယုံမှားမသွေ ရှိကြပါပေကုန်၏။

ဧတေ သန္နိမိတ္တာဒယော = မင်္ဂလာကျက်သရေ ထွေထွေ စုပေါင်း ထိုနိမိတ်ကောင်းစသည်တို့သည်၊ ဗုဒ္ဓါနုဘာဝေန = ဂုဏ်တော်ကိုးချက် အစွမ်းထက်သဖြင့် စက်လောကဓာတ် ထုတ်ချင်းခတ်အောင် လွှမ်းပတ်ကျော်မိုး ဖြိုင်ဖြိုင်ဖြိုးသည့် တန်ခိုးရှိန်စော် မြတ်ဗုဒ္ဓ၏ အာနုဘော်တော်ကြောင့်၊ ဝိပက္ကံ =

http://www.dhammadownload.com



ကောင်းမှုရှင်တွက် ကောင်းကျိုးဆက်ရန် ရင့်ကျက်ပွားတိုး လွန်ဖွံ့ဖြိုးသည့် အကျိုးတရား၏ အဖြစ်သို့ ခွေ့ = ယခုလက်ငင်း ချိန်မယွင်းဘဲ ချက်ချင်းတောက်လျှောက် ဆိုက်ရောက်ပါစေ ကုန်သတည်း။

ဓမ္မာနုဘာဝေန = ဂုဏ်ခိုင်ထွတ်ထိး ခြောက်ရောင်ညီး သည့်ပြင် ဝင့်မီးပျော်နေ များဗိုလ်ခြေကို ခေမာသောင်စပ် ဆောင်ယူကပ်၍ ဆယ်တတ်ပေသား မြတ်တရား၏ ထင်ရှားတေဇော် အာနုဘော်တော်ကြောင့်၊ ဝိပက္ကံ = ကောင်းမှု ရှင်တွက် ကောင်းကျိုးဆက်ရန် ရင့်ကျက်ပွားတိုး လွန်ဖွံ့ဖြိုးသည့် အကျိုးတရား၏ အဖြစ်သို့၊ ခွေ့ = ယခုလက်ငင်း ချိန်မယွင်းဘဲ ချက်ချင်း တောက်လျှောက် ဆိုက်ရောက်ပါစေကုန်သတည်း။

သံဃာနုဘာဝေန = အယူသီလ တူညီမျှ၍ နဝဂုဏ်ရည် ကိုယ်၌တည်သဖြင့် ပြည်ပြည်ဗိုလ်လူ ခပ်သိမ်းသူတို့ ကြည်ဖြူ ကိုးစား သံဃာများ၏ ထင်ရှားတေဇော် အာနုဘော် တော်ကြောင့်၊ ဝိပက္ကံ = ကောင်းမှုရှင်တွက် ကောင်းကျိုး ဆက်ရန် ရင့်ကျက်ပွားတိုး လွန်ဖွံ့ဖြိုးသည့် အကျိုးတရား၏ အဖြစ်သို့၊ ခွေ့ = ယခုလက်ငင်း ချိန်မယွင်းဘဲ ချက်ချင်းတောက်လျှောက် ဆိုက်ရောက် ပါစေကုန်သတည်း။

## မေတ္တာဘာဝနာ ပွားများရန်

(၁) အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ၊ သုခီအတ္တာနံ ပရိဟာရာမိ။

http://www.dhammadownload.com



(၂) မမ ကာယေ အာရက္ခဒေဝတာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

(၃) ဣမသ္မိံ ဝိဟာရေ သဗ္ဗြဟ္မစာရိနော အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

(၄) ဣမသ္မိံ **ဝိဟာရေ အာရက္ခ**ဒေဝတာ၊ ဣမသ္မိံ အာဝါသေ အာရက္ခ**ဒေဝတာ၊ ဣမသ္မိံ** အာရာမေ အာရက္ခဒေဝတာ၊ (တောရကျောင်းဖြစ်လျှင် ဣမသ္မိံ ပဗ္ဗတေ အာရက္ခဒေဝတာ၊ ဣမသ္မိံ ဝနေ အာရက္ခ ဒေဝတာ၊ ဣမသ္မိံ ကန္တာရေ အာရက္ခ ဒေဝတာ) အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

(၅) အမှာကံ ဂေါစရ နဂရေ (ဂေါစရ ဂါမေ) ဇေဋ္ဌကမနုဿေ အာဒိံ ကတွာ သဗ္ဗေ နဂရဝါသိနော မနုဿာ (သဗ္ဗေ ဂါမဝါသိနော မနုဿာ) အဝေရာ ဟောန္တု၊ (ပ) သုခီအတ္တာနံ ပရိဟရန္တု။

(၆) မာတာပိတု + အာစရိယာ ဉာတိမိတ္တသမူဟာ ဥပါသကာ ဥပါသိကာ သာသနေ စတုပစ္စယဒါယကာ အဝေရာ ဟောန္တု၊ (ပ)၊ သုခီ အတ္တာနံ ပရိဟရန္တု။

(၇) သဗ္ဗေ သတ္တာ, သဗ္ဗေ ပါဏာ, သဗ္ဗေ ဘူတာ, သဗ္ဗေ ပုဂ္ဂလာ, သဗ္ဗေ အတ္တဘာဝပရိယာပန္နာ, သဗ္ဗော

http://www.dhammadownload.com



က္ကတ္ထိယော, သဗ္ဗေ ပုရိသာ, သဗ္ဗေ အရိယာ, သဗ္ဗေ အနရိယာ, သဗ္ဗေ ဒေဝါ, သဗ္ဗေ မနုဿာ, သဗ္ဗေ ဝိနိပါတိကာ, အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု ကမ္မဿကာ။

(၈) ပုရတ္ထိမာယ ဒိသာယ, ပစ္ဆိမာယ ဒိသာယ, ဥတ္တရာယ ဒိသာယ, ဒက္ခိဏာယ ဒိသာယ, ပုရတ္ထိမာယ အနုဒိသာယ, ပစ္ဆိမာယ အနုဒိသာယ, ဥတ္တရာယ အနုဒိသာယ, ဒက္ခိဏာယ အနုဒိသာယ, ဟေဋ္ဌိမာယ ဒိသာယ, ဥပရိမာယ ဒိသာယ, သဗ္ဗေ သတ္တာ, သဗ္ဗေ ပါဏာ, သဗ္ဗေ ဘူတာ, သဗ္ဗေ ပုဂ္ဂလာ, (ပ) ကမ္မဿကာ။

(က) ဥဒ္ဒံ ယာဝဘဝဂ္ဂါစ၊ အဓော **ယာဝအဝီစိတော**
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ၊
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စာ + နုပဒ္ဒဝါ။

(ခ) ဥဒ္ဒံ ယာဝဘဝဂ္ဂါစ၊ အဓော ယာဝအဝီစိတော
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ဥဒကေစရာ၊
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စာ + နုပဒ္ဒဝါ။

(ဂ) ဥဒ္ဒံ ယာဝဘဝဂ္ဂါ စ၊ အဓော ယာဝအဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ အာကာသေစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စာ + နုပဒ္ဒဝါ။

http://www.dhammadownload.com



(ဃ) ၁။ ယံ ဗတ္တံ ကုသလံ တဿ၊
အနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊
ဉတွာ ဓမ္မံ သုခါဝတံ။

၂။ ပါပုဏန္တု ဝိသုဒ္ဓါယ၊
သုခါယ ပဋိပတ္တိယာ။
အသောက + မနုပါယာသံ၊
နိဗ္ဗာနသုခ + မုတ္တမံ။

၃။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊
ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊
သမ္မာ ဒေဝေါ ပဝဿတု။

၄။ ယထာ ရက္ခိံသု ပေါရာဏာ၊
သုရာဇာနော တထေဝိ + မံ။
ရာဇာ ရက္ခတု ဓမ္မေန၊
အတ္တနောဝ ပဇံ ပဇံ။ ။

မေတ္တာဘာဝနာပိုင်းပြီး၏။

## မေတ္တသုတ်နှင့်အညီ မေတ္တာပွားနည်း အကျယ်

(၁) သုခိနော ဝါ ခေမိနော ဟောန္တု သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ။(တစ်နည်း)။ သဗ္ဗေ သတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဟောန္တု။

http://www.dhammadownload.com



(သဗ္ဗသင်္ဂါဟိက မေတ္တာ)

(က) ယေ ကေစိ ပါဏာ + ဘူတာ + တ္ထိ တသာ ဝါ ထာဝရာ ဝါ အနဝသေသာ၊ ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ။

(သတ ထာဝရ ဒုက)

(ခ) ယေ ကေစိ ပါဏာ + ဘူတာ + တ္ထိ ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါ အနဝ သေသာ၊ ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ။

(ဒိဋ္ဌာဒိဋ္ဌဒုက)

(ဂ) ယေ ကေစိ ပါဏာ + ဘူတာ + တ္ထိ ဒူရာ ဝါ အဝိဒူရာ ဝါ အနဝသေသာ၊ ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ။

(ဒူရ အဝိဒူရ ဒုက)

(ဃ) ယေ ကေစိ ပါဏာ + ဘူတာ + တ္ထိ ဘူတာ ဝါ သမ္ဘဝေသီ ဝါ အနဝသေသာ၊ ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ။

(ဘူတသမ္ဘဝေသီ ဒုက)

ဒုက မေတ္တာဘာဝနာ ၄ နည်းပြီး၏။

http://www.dhammadownload.com



(၁) ယေ ကေစိ ပါဏာ + ဘူတာ + တ္ထိ ဒီဃာ ဝါ ရဿာ ဝါ မဇ္ဈိမာ ဝါ၊ ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ။

(ဒီဃ + ရဿ + မဇ္ဈိမ တိက မေတ္တာ)

(၂) ယေ ကေစိ ပါဏာ + ဘူတာ + တ္ထိ မဟန္တာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ၊ ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ။

(မဟန္တာ + အဏုက + မဇ္ဈိမ တိက မေတ္တာ)

(၃) ယေ ကေစိ ပါဏာ + ဘူတာ + တ္ထိ ထူလာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ၊ ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ။

(ထူလ + အဏုက + မဇ္ဈိမ တိက မေတ္တာ)

တိက မေတ္တာဘာဝနာ ၃ နည်းပြီး၏။

(က) အဟော ဝတ ယော ကောစိ ပရပုဂ္ဂလော ယံကဉ္စိ ပရပုဂ္ဂလံ ဝဉ္စနာ ဒီဟိ နိကတီဟိ န နိကုဗ္ဗေထ။

(ခ) အဟော ဝတ ယော ကောစိ ပရပုဂ္ဂလော ဇာတိအာဒီဟိ နဝဟိ မာနဝတ္ထူဟိ ကတ္ထစိ ပဒေသေ ကဉ္စိ ပရပုဂ္ဂလံ နာတိမညေထ။

(ဂ) အဟော ဝတ အညမညဿ ဗျာ ရောသနာယ ဝါ၊ ပဋိဃသညာယ ဝါ ဒုက္ခံ န ဣစ္ဆေယျ။

ဤသုံးပါးတို့ကား အဟိတဒုက္ခနာဂမပတ္ထနာ မေတ္တာတို့တည်း။

http://www.dhammadownload.com



(ရှေ့နှစ်ပါးတို့ကား ဟိတသုခါဓိဂမပတ္ထနာ မေတ္တာတို့တည်း)
မေတ္တသုတ်လာ မေတ္တာပွားနည်း (၁၁) နည်းပြီး၏။

## မေတ္တသုတ်တော်လာ
## မေတ္တာ (၁၁) ပါး ပွားပုံလင်္ကာ

(၁) လုံးစုံများစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(က) ကြောက်တတ်, မကြောက်တတ်၊ နှစ်ရပ်များစွာ၊
သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(ခ) မြင်အပ်, မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(ဂ) ဝေးနေ, နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(ဃ) ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

http://www.dhammadownload.com



(င) ရှည် + တို + အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၂) ကြီး + ငယ် + အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၃) ဆူ + ကြုံ + အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(က) လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

(ခ) အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

(ဂ) ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

မေတ္တာသုတ်လာ မေတ္တာ ၁၁ ပါး ပွားပုံလက်ာပြီး၏။

## အရပ်ရှစ်မျက်နှာ စည်းချရန် ဂါထာပါဠိများ

၁။ အရှေ့မြောက်ထောင့်အရပ် စည်းချရန်

သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယာ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

http://www.dhammadownload.com



၂။ အရှေ့အရပ် စည်းချရန်

သဗ္ဗေ ဗုဒ္ဓါ ခေမပတ္တာ၊
ပစ္စေကာနဉ္စ ယော ခေမော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၃။ အရှေ့တောင်ထောင့်အရပ် စည်းချရန်

သဗ္ဗေ ဗုဒ္ဓါ ဇိနပတ္တာ၊
ပစ္စေကာနဉ္စ ယော ဇိနော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၄။ တောင်အရပ် စည်းချရန်

သဗ္ဗေ ဗုဒ္ဓါ လာဘပတ္တာ၊
ပစ္စေကာနဉ္စ ယော လာဘော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၅။ အနောက်တောင်ထောင့်အရပ် စည်းချရန်

သဗ္ဗေ ဗုဒ္ဓါ တေဇပတ္တာ၊
ပစ္စေကာနဉ္စ ယော တေဇော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၆။ အနောက်အရပ် စည်းချရန်

သဗ္ဗေ ဗုဒ္ဓါ ဗလပတ္တာ၊

http://www.dhammadownload.com



ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၇။ အနောက်မြောက်ထောင့်အရပ် စည်းချရန်
သဗ္ဗေ ဗုဒ္ဓါ ယသပတ္တာ၊
ပစ္စေကာနဉ္စ ယော ယသော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၈။ မြောက်အရပ် စည်းချရန်
သဗ္ဗေ ဗုဒ္ဓါ သိရိပတ္တာ၊
ပစ္စေကာနဉ္စ ယာ သိရီ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၉။ အရှေ့မြောက်ထောင့်အရပ် ပြန်ပိတ်ရန်
သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပတ္တာ၊
ပစ္စေကာနဉ္စ ယာ ဣဒ္ဓိ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

## ပစ္စဝေက္ခဏာ ဆင်ခြင်ရန်

ပစ္စဝေက္ခဏာပါဠိ

၁။ သင်္ကန်းအတွက်
ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ၊ ယာဝဒေဝ

http://www.dhammadownload.com



သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဟိရီ ကောပိနပဋိစ္ဆာဒနတ္ထံ။

၂။ ဆွမ်းအတွက်

